ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၆) ၂၀၂၅ ခုနှစ် ဇွန်လ ၂၀ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေနှင့်စပ်လျဉ်း၍ သိကောင်းစရာ။ | ၂-၃ |
| ၂။ | ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှု တိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ(၂၀၂၄-၂၀၂၈)အကောင်အထည်ဖော်ဆောင်ရွက်မှုများ အကြောင်း သိကောင်းစရာ။ | ၄-၅ |
| ၃။ | မီးဖွားခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကခွင့်ပြုထားသော အမျိုးသမီးအခွင့်အရေး ဖြစ်ကြောင်း အိန္ဒိယတရားရုံးချုပ်က ဆုံးဖြတ်ခြင်း။ | ၆-၉ |
| ၄။ | ဗြိတိန်နိုင်ငံတွင် ပြည်ပအဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းဆိုင်ရာစည်းမျဉ်း ထုတ်ပြန်ခြင်း။ | ၁၀-၁၁ |

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၆) ၂၀၂၅ ခုနှစ် ဇွန်လ ၂၀ ရက်

**မြန်မာဥပဒေသတင်းအချက်အလက်စနစ် (MLIS) တွင် ဖော်ပြလျက်ရှိသော ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေနှင့်စပ်လျဉ်း၍ သိကောင်းစရာ**

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေ သတင်းအချက်အလက်စနစ် (MLIS)၌( ပြည်တွင်း၌ထုတ်လုပ်မည့် လောင်စာဆီသုံးယာဉ်များ Semi-Knocked Down “SKD” စနစ်နှင့် Completely Knocked Down “CKD” စနစ်တို့ဖြင့် တင်သွင်းခြင်း အတွက် အကောက်ခွန်နှုန်းထားများအားဖြေလျှော့ခွင့်ပြုခြင်း) အမိန့်ကြော်ငြာစာနှင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့်ဥပဒေတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၅ ခုနှစ် ဇွန်လ ၁၉ ရက်နေ့တွင် နိုင်ငံတော်စီမံ အုပ်ချုပ်ရေးကောင်စီဥပဒေအမှတ်(၄၀/၂၀၂၅)ဖြင့် ပြဋ္ဌာန်းခဲ့သည့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥပဒေကို တတိယအကြိမ်ပြင်ဆင်သည့်ဥပဒေနှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

ပြည်ထောင်စုလွှတ်တော်သည် ၂၀၁၂ ခုနှစ်၊ မတ်လ ၁၉ ရက်နေ့တွင် ၂၀၁၂ခုနှစ်၊ ပြည်ထောင်စု လွှတ်တော်ဥပဒေအမှတ် ၃ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို စတင်ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၅ ခုနှစ်၊ ဇူလိုင်လ ၁၄ ရက်နေ့တွင် ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၄၀ ဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေကို ပြင်ဆင်သည့်ဥပဒေကိုလည်းကောင်း၊ ၂၀၁၇ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ၂၀၁၇ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၂ ဖြင့် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကိုလည်းကောင်း ပြင်ဆင် ပြဋ္ဌာန်းခဲ့ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေ ပုဒ်မ ၁၄ တွင် “ ကော်မရှင်သည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ (ဂ)အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကိုဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခြင်းခံရသူပုဂ္ဂိုလ် အနည်းဆုံး ၃ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းအဖွဲ့ဝင်များထဲမှတစ်ဦးကို ဥက္ကဋ္ဌအဖြစ်တာဝန်ပေးအပ်ရမည်။

သက်ဆိုင်ရာရွေးကောက်ပွဲအရာရှိကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်။ လိုအပ်လျှင် နိုင်ငံ့ဝန်ထမ်းများကိုအဖွဲ့ဝင်များအဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်သည်။”ဆိုသည့်ပြဋ္ဌာန်းချက်အား “ကော်မရှင်သည် ပုဒ်မ ၁၀၊ ပုဒ်မခွဲ(ဂ)အရ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကိုဖွဲ့စည်းရာတွင် အများယုံကြည်လေးစားခြင်းခံရသူပုဂ္ဂိုလ်များဖြင့်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းများဖြင့်ဖြစ်စေ အနည်းဆုံး ၃ဦးဖြင့် ဖွဲ့စည်းရမည်။ ယင်းပုဂ္ဂိုလ်များအနက် သင့်လျော်သူတစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်။ သက်ဆိုင်ရာရွေးကောက်ပွဲအရာရှိကို အတွင်းရေးမှူးအဖြစ် တာဝန်ပေးအပ်ရမည်”ဟု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၄၀/၂၀၂၅ ဖြင့် အစားထိုးပြဋ္ဌာန်းခဲ့ပါသည်။

သို့ဖြစ်ရာ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ကိုဖွဲ့စည်းရာတွင် လိုအပ်မှသာ နိုင်ငံ့ဝန်ထမ်းများကိုအဖွဲ့ဝင်အဖြစ် ထည့်သွင်းဖွဲ့စည်းနိုင်မည်မဟုတ်ဘဲ အများယုံကြည်လေးစားခြင်းခံရသူပုဂ္ဂိုလ်များဖြင့်ဖြစ်စေ၊ နိုင်ငံ့ဝန်ထမ်းများဖြင့်ဖြစ်စေ အနည်းဆုံး ၃ ဦးဖြင့် ဖွဲ့စည်းရမည်ဖြစ်ကြောင်းနှင့် ယင်းပုဂ္ဂိုလ်များအနက် သင့်လျော်သူတစ်ဦးကို ဥက္ကဋ္ဌအဖြစ် တာဝန်ပေးအပ်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥပဒေနှင့်ပတ်သက်၍ အသေးစိတ်လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၆) ၂၀၂၅ ခုနှစ် ဇွန်လ ၂၀ ရက်

## ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့် မဟာဗျူဟာ (၂၀၂၄-၂၀၂၈) အကောင်အထည်ဖော် ဆောင်ရွက်မှုများအကြောင်းသိကောင်းစရာ

မြန်မာနိုင်ငံသည် ၂၀၀၆ခုနှစ် ဩဂုတ်လ ၁၆ ရက်တွင်“အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်း”တွင် အဖွဲ့ဝင်နိုင်ငံအဖြစ်ဝင်ရောက်ခဲ့ပြီး ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ အမျိုးသားအဆင့်မဟာဗျူဟာ (၂၀၂၄-၂၀၂၈) အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၏ ၂၁-၁၀-၂၀၂၄ ရက်နေ့တွင် ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေးအမှတ်စဉ်(၇/၂၀၂၄)၏အတည်ပြုချက်ဖြင့် ထုတ်ပြန်ခဲ့ပါသည်။

အမျိုးသားအဆင့်မဟာဗျူဟာ၏ရည်မှန်းချက်များပြည့်မီစေရန် မဟာဗျူဟာနယ်ပယ် (၅)ရပ် ချမှတ်ထားရာ တရားဥပဒေစိုးမိုးရေးအဖွဲ့အစည်းများ၊ တရားစွဲအဖွဲ့အစည်းများနှင့် တရားစီရင်ရေးအဖွဲ့အစည်းများ၏ ငွေကြေးခဝါချမှုနှင့်အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ စုံစမ်းစစ်ဆေးခြင်း၊ တရားစွဲဆိုခြင်း၊ ပြစ်ဒဏ်ချမှတ်ခြင်းများနှင့် နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းလုပ်ငန်းများပိုမိုထိရောက်စွာဆောင်ရွက်နိုင်စေရေးကို မဟာဗျူဟာနယ်ပယ်(၄)အဖြစ် သတ်မှတ်ထားကြောင်း သိရှိရပါသည်။

မဟာဗျူဟာနယ်ပယ်(၄)ကို အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအတွက် မဟာဗျူဟာရည်မှန်းချက်(၅)ရပ်နှင့် မဟာဗျူဟာအစီအစဉ်(၃၅)ခု သတ်မှတ်ထားကြောင်း သိရှိရပါသည်။ အဆိုပါရည်မှန်းချက်များအရ အကြမ်းဖက်မှုကိုငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာစုံစမ်းစစ်ဆေးခြင်းလုပ်ငန်းများ ပိုမို ထိရောက်စွာဆောင်ရွက်ခြင်း၊ သက်ဆိုင်သည့်ပြစ်မှုများအား တရားစွဲဆိုခြင်းနှင့် ထိရောက်ဟန့်တားသော ပြစ်ဒဏ်ချမှတ်ခြင်း၊ ပြစ်မှုကျူးလွန်ရာမှရရှိသည့် ငွေကြေး၊ ပစ္စည်းနှင့်အကျိုးအမြတ်များ၊ အသုံးပြုပစ္စည်းများ၊ တန်ဖိုးတူပစ္စည်းများအား ထိန်းချုပ်ခြင်း၊ သိမ်းဆည်းခြင်းနှင့် နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းခြင်းများဆောင်ရွက်ခြင်း၊ နိုင်ငံ့ဘဏ္ဍာသိမ်းဆည်းရန် ရည်ရွယ်ထားသည့် အဆိုပါပစ္စည်းများ တန်ဖိုးမလျော့ကျစေရေး စီမံခန့်ခွဲခြင်းတို့ပါဝင်ကြောင်း သိရှိရပါသည်။

၃-၆-၂၀၂၅ရက်နေ့တွင် ကျင်းပသော ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဗဟိုအဖွဲ့၏အစည်းဝေး အမှတ်စဉ် (၁/၂၀၂၅)တွင် ဗဟိုအဖွဲ့ဥက္ကဋ္ဌက ၂၀၂၉ ခုနှစ်၌ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို တတိယအကြိမ်နိုင်ငံအချင်းချင်းအကဲဖြတ်ခြင်းလုပ်ငန်းစဉ် (Mutual Evaluation – ME) ဆောင်ရွက်ရန်ရှိ၍ ကြိုတင်စီမံထားရှိရန်လိုအပ်ကြောင်း၊ Private Sector များကလည်း အစိုးရနှင့်ပူးပေါင်းဆောင်ရွက်စေပြီး မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် ကုန်သွယ်ရေးစက်မှုလက်မှုနှင့် စီးပွားရေးလုပ်ငန်းပေါင်းစုံအဖွဲ့အစည်းများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည့်အတွက် Public Private Partnership ကဏ္ဍ၌ တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်းတို့ ဆွေးနွေးခဲ့ပါသည်။

ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (Financial Action Task Force –FATF)က စောင့်ကြည့်သည့်နိုင်ငံစာရင်း ( Gary List) တွင် မြန်မာနိုင်ငံလည်းပါဝင်သည်ဖြစ်၍ Action Plan ပါအချက်များနှင့် အမျိုးသားအဆင့်မဟာဗျူဟာ၏လုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော်နိုင်ရန် လုပ်ငန်းနယ်ပယ်(၅)ရပ်ဖြင့် ကော်မတီအသီးသီးကို ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိပြီး ကော်မတီများက နှစ်အလိုက်လုပ်ငန်းစဉ် (Annual Work Plan) ပူးတွဲဆောင်ရွက်ရေးတိုးတက်မှုအစီရင်ခံစာနှင့် ကာလလယ်ပြန်လည်သုံးသပ်ရေးတို့ကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း သိရှိရပါသည်။

ပြည်ထောင်စုအဆင့်အဖွဲ့အစည်းနှင့် အစိုးရဌာန၊
အစိုးရအဖွဲ့အစည်းများအတွက် အမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

သတင်းအရင်းအမြစ်: www.Frd.gov.mm/posts/national- strategy 2024-2028? Language=mm

www.moi.gov.mm/news/70679

## မီးဖွားခွင့်သည် ဖွဲ့စည်းပုံအခြေခံဥပဒေက ခွင့်ပြုထားသောအမျိုးသမီးအခွင့်အရေးဖြစ်ကြောင်း အိန္ဒိယတရားရုံးချုပ်က ဆုံးဖြတ်ခြင်း

မီးဖွားခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကခွင့်ပြုထားသည့် အမျိုးသမီးအခွင့်အရေးဖြစ်သဖြင့် တတိယမြောက်ကလေးမွေးဖွားသည့်အခြေအနေဖြစ်စေကာမူ မီးဖွားခွင့်ကို ငြင်းပယ်ခွင့်မရှိကြောင်း အိန္ဒိယတရားရုံးချုပ်(The Supreme Court of India)က ၂၀၂၅ခုနှစ် မေလ ၂၄ ရက်နေ့တွင် ဆုံးဖြတ်ခဲ့သည်။

အိန္ဒိယနိုင်ငံတောင်ပိုင်း၊ တမီးလ်နာဒူပြည်နယ်ရှိ အစိုးရအထက်တန်းကျောင်းတစ်ခုတွင် ကျောင်းဆရာမအဖြစ်တာဝန်ထမ်းဆောင်နေသော ကေ၊အူမာဒေဗီ(K. Umadevi)အမည်ရှိ အမျိုးသမီးသည် ၎င်း၏တတိယမြောက်ရင်သွေးမီးဖွားရန်အတွက် မီးဖွားခွင့်(၉)လလျှောက်ထားခဲ့ရာ တမီးလ်နာဒူပြည်နယ်၏အခြေခံစည်းမျဉ်း ၁၀၁(အေ) [Fundamental Rules 101(a)] အရ "ပြည်နယ်အစိုးရဝန်ထမ်းအမျိုးသမီးတစ်ဦးသည် ဒုတိယမြောက်ကလေးမွေးဖွားခြင်းအထိသာ မီးဖွားခွင့်ခံစားခွင့်ရှိပြီး နှစ်ဦးထက်ပို၍မွေးဖွားပါက မီးဖွားခွင့်ခံစားခွင့်မပြုကြောင်း" ပြဋ္ဌာန်းချက်ကို ကိုးကား၍ မီးဖွားခွင့်ကို သက်ဆိုင်ရာဌာနက ငြင်းပယ်ခဲ့သဖြင့် မဒရပ်ဟိုက်ကုတ် the High Court of Judicature at Madras (High Court) သို့ စာချွန်တော်လျှောက်ထားရာမှတစ်ဆင့် အိန္ဒိယတရားရုံးချုပ် (The Supreme Court of India) သို့ ရောက်ရှိခဲ့ခြင်းဖြစ်ပါသည်။

ကေ၊အူမာဒေဗီ(K. Umadevi)သည် ၂၀၀၆ ခုနှစ်က အေ၊ဆူရက်စ်(A. Suresh) ဆိုသူနှင့် လက်ထပ်ခဲ့ပြီး သားသမီး(၂)ဦးထွန်းကားခဲ့ကြောင်း၊ ၂၀၁၂ ခုနှစ်တွင် အစိုးရအထက်တန်းကျောင်း၌ အင်္ဂလိပ်စာဆရာမအဖြစ်အလုပ်ဝင်ရောက်ခဲ့ပြီး ၂၀၁၇ ခုနှစ်တွင် အေ၊ဆူရက်စ်(A.Suresh)နှင့်ကွာရှင်းကာ ကလေး(၂)ဦးကို အေ၊ဆူရက်စ်(A. Suresh)က ထိန်းသိမ်းစောင့်ရှောက်ခဲ့ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် ကေ၊အူမာဒေဗီ(K. Umadevi)သည် ဒုတိယအိမ်ထောင်အဖြစ် အမ်၊ ရက်ဂျ်ကူးမားရ် (M. Rajkumar) ဆိုသူနှင့်ထပ်မံထိမ်းမြားကာ ၎င်း၏တတိယမြောက် ရင်သွေးမွေးဖွားရန်အတွက် မမွေးဖွားမီနှင့် မွေးဖွားပြီးချိန်ကာလများအပါအဝင် မီးဖွားခွင့်(၉)လခံစားခွင့်ပြုရန် ၂၀၂၁ ခုနှစ်တွင် လျှောက်ထားခဲ့ခြင်းဖြစ်သည်။

တမီးလ်နာဒူပြည်နယ်တွင် အစိုးရဝန်ထမ်းများခွင့်ခံစားရန် လျှောက်ထားရာ၌ အခြေခံစည်းမျဉ်း (Fundamental Rules)များနှင့်အညီ သက်ဆိုင်ရာအစိုးရဌာနရှိ ခွင့်ပေးပိုင်ခွင့်ရှိသော အာဏာပိုင်က ခွင့်ပြု/မပြုကိုဆုံးဖြတ်ရသည်။ တမီးလ်နာဒူပြည်နယ်အစိုးရအခြေခံစည်းမျဉ်း(THE FUNDAMENTAL RULES OF THE TAMIL NADU GOVERNMENT) သည် ၁၉၂၂ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့က အာဏာတည်ခဲ့သောစည်းမျဉ်းတစ်ခုဖြစ်ပြီး ၂၀၁၈ ခုနှစ်အထိပြင်ဆင်ကာ ယင်းပြည်နယ်တွင် လိုက်နာကျင့်သုံးလျက်ရှိသည်။ ထို့ပြင် ၁၉၆၁ ခုနှစ်၊ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်အက်ဥပဒေ (Maternity Benefit Act, 1961)ကိုလည်းပြဋ္ဌာန်းထားရှိရာ အစိုးရဌာနများနှင့်ပုဂ္ဂလိကလုပ်ငန်းများတွင် လုပ်ကိုင်နေသောအမျိုးသမီးအလုပ်သမားများသည် အဆိုပါဥပဒေအရ မီးဖွားခြင်းဆိုင်ရာခွင့်နှင့် အခြားအကျိုးခံစားခွင့်များကို ခံစားခွင့်ရှိသည်။

သာမန်အားဖြင့် အိန္ဒိယအမျိုးသမီးဝန်ထမ်းတစ်ဦးသည် မီးဖွားခွင့်ခံစားရာတွင် ရက်သတ္တ (၂၆)ပတ် ခံစားခွင့်ရှိပြီး ယင်းအနက်မှ ခန့်မှန်းမီးဖွားရက်မတိုင်မီ (၈)ပတ် ကြိုတင်ခံစားခွင့်ရှိသည်။ သို့ရာတွင် အိန္ဒိယအမျိုးသမီးဝန်ထမ်းသည် ကလေး(၂)ယောက်နှင့်(၂)ယောက်အထက် မွေးဖွားပြီးသူဖြစ်ပါက တတိယမြောက်ကလေးအတွက် မီးဖွားခွင့်ကို အများဆုံး(၁၂)ပတ်အထိသာ ခံစားခွင့်ရှိပြီး (၆)ပတ်ကို ခန့်မှန်းမီးဖွားရက်မတိုင်မီ ကြိုတင်ခံစားနိုင်ကြောင်း မီးဖွားခြင်းဆိုင်ရာအကျိုးခံစားခွင့်အက်ဥပဒေ (Maternity Benefit Act, 1961)တွင် သတ်မှတ်ပြဋ္ဌာန်းထားသည်။ တမီးလ်နာဒူပြည်နယ်အစိုးရအခြေခံစည်းမျဉ်း (THE FUNDAMENTAL RULES OF THE TAMIL NADU GOVERNMENT)တွင်မူ အစိုးရဝန်ထမ်းအမျိုးသမီးတစ်ဦးအတွက် ရက်ပေါင်း(၉၀)ထက် မကျော်လွန်သောမီးဖွားခွင့်ကို သက်ဆိုင်ရာအာဏာပိုင်က ခွင့်ပြုပေးနိုင်ကြောင်းနှင့် ကလေး(၂)ယောက် မွေးဖွားပြီးဖြစ်သော အစိုးရဝန်ထမ်းအမျိုးသမီးသည် တတိယမြောက်ကလေးမွေးဖွားရန် မီးဖွားခွင့်ကို ခံစားခွင့်မရှိကြောင်း သတ်မှတ်ခဲ့သည်ကို တွေ့ရှိရပါသည်။

အိန္ဒိယတရားရုံးချုပ် (The Supreme Court of India) ၏စီရင်ချက်တွင် မီးဖွားခွင့်သည် မီးဖွားခြင်းဆိုင်ရာအကျိုးခံစားခွင့်များ၏ အဓိကအစိတ်အပိုင်းဖြစ်ပြီး အမျိုးသမီးတစ်ဦး၏မျိုးပွားခြင်း

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၆) ၂၀၂၅ ခုနှစ် ဇွန်လ ၂၀ ရက်

ဆိုင်ရာအခွင့်အရေးတစ်ခုဖြစ်ကြောင်း၊ အိန္ဒိယနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၁ တွင် မီးဖွားခွင့်သည် အမျိုးသမီးတစ်ဦး၏ဂုဏ်သိက္ခာနှင့် ကိုယ်ပိုင်လွတ်လပ်ခွင့်တို့ပေါင်းစပ်ထားသော မျိုးပွားခြင်းဆိုင်ရာရွေးချယ်မှုတစ်ခုအဖြစ် အကာအကွယ်ပြုထားကြောင်း၊ ကေ၊ အူမာဒေဗီ(K. Umadevi )သည် အစိုးရဝန်ထမ်းမဖြစ်မီက ပထမအိမ်ထောင်နှင့် ကလေးနှစ်ဦးရှိခဲ့ခြင်းဖြစ်ပြီး ၎င်း၏ဒုတိယအိမ်ထောင်တွင် ယခုမီးဖွားခွင့်လျှောက်ထားခြင်းဖြစ်ကြောင်း၊ မီးဖွားခွင့်သည် အခြေခံဥပဒေက ခွင့်ပြုထားသော အမျိုးသမီးအခွင့်အရေးဖြစ်သဖြင့် ခွင့်ပြုခြင်း သို့မဟုတ် ငြင်းပယ်ခြင်းကို ကလေးအရေအတွက်အလိုက် ဆုံးဖြတ်ရန်မဟုတ်ဘဲ မီးဖွားခြင်းဆိုင်ရာအကျိုးခံစားခွင့်အက်ဥပဒေ (Maternity Benefit Act, 1961) နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်သဖြင့် စီရင်ချက်ချမှတ်သည့်နေ့မှ (၂)လအတွင်း ကေ၊ အူမာဒေဗီ(K. Umadevi) ခံစားခွင့်ရှိသည့်မီးဖွားခွင့်ကို တွက်ချက်ခွင့်ပြုရန် ဆုံးဖြတ်ကြောင်း၊ မီးဖွားခွင့်လျှောက်ထားခြင်းအပေါ် သတ်မှတ်ချက်များနှင့်အညီစိစစ်ဆုံးဖြတ်ရာတွင် ကလေးမွေးဖွားခြင်းသည် အမျိုးသမီးဘဝ၏သဘာဝအဖြစ်အပျက်တစ်ခုဖြစ်သည်ဟူသော အမြင်ကိုဦးတည်၍ ဆုံးဖြတ်ရမည်ဖြစ်ကြောင်း ဖော်ပြခဲ့ပါသည်။

အိန္ဒိယတရားရုံးချုပ်(The Supreme Court of India) ၏စီရင်ချက်သည် ဥပဒေပြဋ္ဌာန်းချက်နှင့် ပြည်နယ်အစိုးရစည်းမျဉ်းတို့ ကွဲလွဲဆန့်ကျင်မှုကို ဖြေရှင်းသည့်လမ်းညွှန်ချက်တစ်ခုဖြစ်သည့်အပြင် မီးဖွားခြင်းဆိုင်ရာအခွင့်အရေးကို ကျန်းမာရေး၊ ဂုဏ်သိက္ခာ၊ ပုဂ္ဂိုလ်ဆိုင်ရာလွတ်လပ်ခွင့်၊ တန်းတူညီမျှခွင့်အစရှိသော နိုင်ငံတကာလူ့အခွင့်အရေးဆိုင်ရာဥပဒေများ၏ အစိတ်အပိုင်းတစ်ခုကဲ့သို့ အသိအမှတ်ပြုသည့်ဆုံးဖြတ်ချက်တစ်ရပ်အဖြစ် ထင်ရှားလျက်ရှိကြောင်း သိရှိရပါသည်။

လေ့ကျင့်သင်ကြားရေးဌာနခွဲ
ဥပဒေအသိပညာပြန့်ပွားရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက် ;https://indianexpress.com/article/india/reproductive-rights-population-control-supreme-court-maternity-leaves-ruling-10033931/

https://www.indiatoday.in/india/law-news/story/maternity-leave-integral-maternity-rights-supreme-court-benefits-extended-to-working-women-2729691-2025-05-23

https://politicalsciencesolution.com/supreme-court-declares-maternity-leave-a-constitutional-right-for-all-mothers-including-third-child/

## ဗြိတိန်နိုင်ငံတွင် ပြည်ပအဖွဲ့အစည်းများမှတ်ပုံတင်ခြင်းဆိုင်ရာ စည်းမျဉ်းထုတ်ပြန်ခြင်း

ဗြိတိန်နိုင်ငံ၊ စီးပွားရေးနှင့်ကုန်သွယ်မှုဌာနသည် စီးပွားရေးရာရာဇဝတ်မှု(ပွင့်လင်းမြင်သာမှုနှင့် ဥပဒေကိုအကောင်အထည်ဖော်ဆောင်ရွက်မှု)အက်ဥပဒေပုဒ်မ ၂၀(၂)အရ အပ်နှင်းထားသော အခွင့်အာဏာကိုကျင့်သုံး၍ ၂၀၂၅ ခုနှစ်၊ ဇွန်လ ၆ ရက် နေ့တွင် ပြည်ပအဖွဲ့အစည်းများ မှတ်ပုံတင်ခြင်း (ကောက်နုတ်ချက်) စည်းမျဉ်းကို ထုတ်ပြန်ခဲ့ပါသည်။ အဆိုပါ စည်းမျဉ်းသည် ၂၀၂၅ ခုနှစ် ဇွန်လ ၃၀ ရက်နေ့တွင် စတင်အကျိုးသက်ရောက်မည်ဖြစ်ပြီး အင်္ဂလန်၊ ဝေလ၊ စကော့တလန်နှင့် မြောက်အိုင်ယာလန်တို့တွင်လည်း အာဏာသက်ရောက်မှုရှိမည်ဖြစ်ပါသည်။

ဤစည်းမျဉ်းသည် Companies House တွင် ထိန်းသိမ်းထားသော ပြည်ပအဖွဲ့အစည်းများ (Overseas Entities - ROE)ကို ကောက်နုတ်ချက်ပြုလုပ်ခဲ့ခြင်းနှင့်စပ်လျဉ်း၍ ကုမ္ပဏီမှတ်ပုံတင်အရာရှိ(မှတ်ပုံတင်အရာရှိ)၏ဆုံးဖြတ်ပိုင်ခွင့်အာဏာကိုတိုးမြှင့်ရန် ရည်ရွယ်ချက်ဖြင့် ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း တွေ့ရှိရသည်။

ဗြိတိန်နိုင်ငံတွင် ပြည်ပအဖွဲ့အစည်းများမှတ်ပုံတင်ခြင်းသည် ကုမ္ပဏီများတရားဝင်မှတ်ပုံတင်ခြင်းကို ထိန်းသိမ်းရန်တာဝန်ရှိသော အစိုးရအဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် Companies House ၏ ကြီးကြပ်မှုအောက်တွင်ရှိပြီး ဗြိတိန်နိုင်ငံ၏စီရင်ပိုင်ခွင့်အတွင်း စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရန် အစီအစဉ်ရှိပါက Companies House တွင် "ပြည်ပအဖွဲ့အစည်း" အဖြစ် မှတ်ပုံတင်ရမည်ဖြစ်သည်။ ထို့ပြင် ဗြိတိန်နိုင်ငံရှိ ပိုင်ဆိုင်မှုပစ္စည်း သို့မဟုတ် မြေများကို ဝယ်ယူခြင်း၊ ရောင်းချခြင်း သို့မဟုတ် လွှဲပြောင်းခြင်းတို့ပြုလုပ်လိုသည့် ပြည်ပအဖွဲ့အစည်းများသည်လည်း ၎င်းတို့၏မှတ်ပုံတင်နိုင်သော အကျိုးခံစားခွင့်ရှိသူ သို့မဟုတ် စီမံခန့်ခွဲရေးအရာရှိသည် မည်သူဖြစ်ကြောင်းဖော်ပြ၍ Companies House တွင် မှတ်ပုံတင်ရမည်ဖြစ်သည်။

လက်ရှိတွင် မှတ်ပုံတင်အရာရှိ၏အခွင့်အာဏာသည် လွဲမှားသော သို့မဟုတ် ရှုပ်ထွေးနေသော အချက်အလက်များကို ပြင်ဆင်ပေးခြင်းနှင့်စပ်လျဉ်း၍ တာဝန်များကန့်သတ်ထားကြောင်း တွေ့ရှိရပါသည်။ သို့ဖြစ်ရာ ယခုစည်းမျဉ်းထုတ်ပြန်ခြင်းဖြင့် မှတ်ပုံတင်အရာရှိသည် ပြည်ပအဖွဲ့အစည်းများ မှတ်ပုံတင်ခြင်းနှင့်ဆက်စပ်သည့် ပြည်ပအဖွဲ့အစည်းများ ဖျက်သိမ်းခြင်း၊ ရပ်သိမ်းခြင်း သို့မဟုတ် အခြားနည်းဖြင့်ရပ်စဲခြင်း၊ Companies House မှ ပြည်ပအဖွဲ့အစည်းများသို့ အချက်အလက် တောင်းခံသည့်အကြောင်းကြားစာပါ သတ်မှတ်ထားသောအချိန်ကာလအတွင်း ပြည်ပအဖွဲ့အစည်းများမှလိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခြင်းစသည့်ကိစ္စရပ်များအပေါ်တွင်လည်း ကောက်နုတ်ချက် ပြုပေးနိုင်သည့်အခွင့်အာဏာများ ရရှိနိုင်မည်ဖြစ်ကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဉာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.nortonrosefulbright.com/en-us/knowledge/publications/e0ee5c5f/essential-corporate-news-week-ending-13-june-2025

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၃) အမှတ် (၁၆) ၂၀၂၅ ခုနှစ် ဇွန်လ ၂၀ ရက်

**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

